ကေအဲန်ယူ – ကရင်အမျိုးသားအစည်းအရုံး
သထုံခရိုင်
ကော်သူးလေ

ရက်စွဲ – ၂၇-၂-၂၀၂၁

**နိုင်ငံတော်အုပ်ချုပ်ရေး ကောင်စီနှင့်ပြည်ထောင်စု လွှတ်တော်ကိုယ်စားပြုကော်မတီ (CRPH) ချမှတ်လာမည့် အုပ်ချုပ်ရေးယန္တရားအပေါ် ကေအဲန်ယူ သထုံခရိုင် သဘောထားထုတ်ပြန်ချက်**

၁။ ၂၀၂၁ ဖေဖော်ဝါရီလ (၁)ရက်နေ့တွင် တပ်မတော်မှ အာဏာသိမ်းသည့်အပေါ်တွင် မိမိတို့ ကေအဲန်ယူ – ဗဟို၏ သဘောထားထုတ်ပြန်ချက်များအတိုင်း မိမိတို့ ကေအဲန်ယူ – သထုံခရိုင်ဖက်မှလည်းရပ်တည်ပါသည်။

၂။ စစ်အာဏာသိမ်းပြီး နောက်ဆက်တွဲ အနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်မှုကောင်စီအား ပြည်တော်ရအဆင့်၊ တိုင်း ပြည်နယ်အဆင့်၊ မြို့နယ်အဆင့်၊ ရပ်ကျေးအဆင့်၊ စီမံအုပ်ချုပ်မှုကောင်စီများအား အုပ်ချုပ်ရေးပုံစံ ချမှတ်ပြီး အာဏာသိမ်းယူမှုအပေါ်တွင် မိမိတို့ ကေအဲန်ယူ သထုံခရိုင်အနေဖြင့် လုံးဝလက်ခံခြင်းမရှိသလို မိမိတို့ ကေအဲန်ယူ သထုံခရိုင် နယ်မြေအတွင်း ချမှတ်လာမည့် နိုင်ငံတော်စီမံအုပ်ချုပ်မှုကောင်စီ အုပ်ချုပ်ရေးအစီအစဉ်များကိုလည်း ကန့်ကွက်သွားမည်၊

၃။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအား အသက်သွင်း၍ အကောင်အထည်ပေါ်လာမည်ဆိုပါက (Committee Representing PyiDaungSu Hluttaw CRPH)မှ ချမှတ်လာမည့်အုပ်ချုပ်ရေးအစီအစဉ်များကို မိမိတို့ ကေအဲန်ယူ သထုံခရိုင်အနေဖြင့် လုံးဝလက်ခံမည်မဟုတ်ပါ။

၄။ လက်ရှိ ရှိနေပြီးသား မြို့နယ်ကျေးရွာ အုပ်ချုပ်ရေးအစီအစဉ်များသည်လည်း သက်ဆိုင်ရာနယ်အလိုက် တာဝန်ရှိသူများသည် စစ်အာဏာသိမ်းခြင်းအား လက်မခံသည့်အနေဖြင့် အုပ်ချုပ်ရေးအစီအစဉ်များတွင် ပါဝင်ပတ်သက်မှုမပြုတော့ရန် အသိပေးအပ်ပါသည်။

၅။ မိမိတို့ ကေအဲန်ယူ သထုံခရိုင်အတွင်း နဂိုရှိပြီးသား ကေအဲန်ယူ၏ အုပ်ချုပ်ရေး ယန္တရားများအတိုင်း ရှေ့ဆက် ဆောင်ရွက်သွားမည်ဖြစ်သည်။ ထို့အတူ ဖက်ဒရယ်ပြည်ထောင်စု ဆိုင်ရာဖွဲ့စည်းပုံအခြေခံဥပဒေသစ် တရပ် ပေါ်ပေါက်လာရန်လည်းအစွမ်းကုန် ကြိုးပမ်းသွားမည်ဖြစ်သည်၊

၆။ ၂၀၂၁ ဖေဖော်ဝါရီ (၁) ရက်နေ့ စစ်အာဏာသိမ်းလုပ်ရပ်အား ငြိမ်းချမ်းသောနည်းဖြင့် ကန့်ကွက်ဆန္ဒပြနေသော မြန်မာနိုင်ငံသား တိုင်းရင်းသား ပြည်သူလူထုအား မတရားပမ်းစီးထိန်းသိမ်းမှုများ တရားစွဲဆိုထောင်ချအပြစ်ပေးရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ညွှန်ကြားဆောင်ရွက်ချက်ဖြင့် အာဏာပိုင်အဖွဲ့အစည်းအဆင့်ဆင့်က ကြိုးပမ်းလုပ်ဆောင်နေသည့် ကိစ္စများအား ကေအဲန်ယူ– ကရင်အမျိုးသား အစည်းအရုံး သထုံခရိုင်အနေဖြင့် များစွာ စိုးရိမ်ပူပန်မိပါသည်၊

၇။ ဤသို့လုပ်ရပ်များအား ဆက်တိုက်လုပ်ဆောင်လာမည်ဆိုပါက ကေအဲန်ယူ–ကရင်အမျိုးသားအစည်းအရုံး သထုံခရိုင်အနေဖြင့် တိုင်းရင်းသားပြည်သူလူထုကြီးဖက်မှ အပြည့်အဝရပ်တည်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

အလုပ်မှုဆောင်ကော်မတီ
ကရင်အမျိုးသားအစည်းအရုံး
ကေအဲန်ယူ – သထုံခရိုင်
ကော်သူးလေ

ဆက်သွယ်ရန် – 0949770921